## **အသိပေးကြေညာချက်**

၁။ အကောက်ခွန်ဦးစီးဌာနသည် ရုံးပိတ်ရက်ရှည်ကာလအတွင်း အကောက်ခွန်လုပ်ငန်းများ လွယ်ကူလျင်မြန်စေရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၂။ ရေကြောင်း/လေကြောင်းများမှတဆင့် တင်သွင်း/တင်ပို့မည့် ကုန်ပစ္စည်းများအား ရုံးပိတ်ရက်ဖြစ်သော (၂၈.၁၂.၂၀၂၄)၊ နှင့် (၃၁.၁၂.၂၀၂၄)ရက်နေ့တို့တွင် အချိန်ပို(Overtime) လျှောက်ထားလာပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ အချိန်ပို(Overtime) ဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် တင်သွင်း/တင်ပို့လိုသော ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်နှင့်ပတ်သက်သော Deposit ငွေလုံလောက်စွာ ထားရှိသွားရန်နှင့် အချိန်ပိုလုပ်ငန်းဆောင်ရွက်လိုမှုအား (၂၇.၁၂.၂၀၂၄)ရက်နေ့၊ (၁၄:၀၀)အချိန်ထက်နောက်မကျဘဲ အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ Asia World ဆိပ်ကမ်းတွင် အကောက်ခွန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် (၃၀.၁၂.၂၀၂၄)၊ နှင့် (၁.၁.၂၀၂၅)ရက်နေ့မှအပ ကျန်ရုံးပိတ်ရက်များတွင် ပို့ကုန်ကုန်သေတ္တာများ စစ်ဆေးတင်ပို့မှုအား အချိန်ပို(Overtime) ဆောင်ရွက်ပေးရန် လျှောက်ထားလာပါက အဆိုင်း(၃)ဆိုင်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၅။ ထို့အပြင် အရေးပေါ် Covid ဆေးနှင့် ဆေးဝါးများ၊ နိုင်ငံတော်လိုအပ်ချက်အရ အရေးတကြီး တင်သွင်းလာသောပစ္စည်းများ ထုတ်ယူနိုင်ရန်အတွက် ကြိုတင်လျှောက်ထားလာပါက ကုန်ပစ္စည်းထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**